## "ပျော်ပျော်ရွှင်ရွှင် KBZ Christmas" အစီအစဉ်၏စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များ

၁။ ကမ္ဘာဇဘဏ်သည် "ပျော်ပျော်ရွှင်ရွှင် KBZ Christmas" အစီအစဉ်ကာလကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (၂၃) ရက်နေ့ မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (၃၁) ရက်နေ့ အထိသတ်မှတ်ထားပါသည်။

၂။ ဤအစီအစဉ်တွင် Fixed Deposit၊ Instant Cash Fixed Deposit ၊Monthly Growth Fixed Deposit နှင့် i/mBanking ဖြင့် e-Fixed (ရက် ၉၀ နှင့် ရက်၁၈၀) စုဆောင်းလိုသည့် Customerများ၊ Auto Roll-over ပြည့်သွားသော Fixed Deposit၊ Instant Cash Fixed Deposit ၊ Monthly Growth Fixed Depositနှင့် i/mBanking ဖြင့် e-Fixed (ရက် ၉၀ နှင့် ရက်၁၈၀) Customer များ နှင့် Credit Card (MPU & VISA) စတင်ဖွင့်လှစ် အသုံးပြုလိုသည့် Customerများ ပါဝင်နိုင်မည် ဖြစ်ပါသည်။

၃။ ဤအစီအစဉ်ကာလအတွင်း Fixed Deposit ၊ Instant Cash Fixed Deposit၊ ၊ Monthly Growth Fixed Deposit နှင့် i/mBanking ဖြင့် e-Fixed (ရက် ၉၀ နှင့် ရက် ၁၈၀) ဖွင့်လှစ်သည့် Customerများ၊ Auto Roll-over ပြည့်သွားသော Fixed Deposit၊ Instant Cash Fixed Deposit၊ i/mBanking ဖြင့် e-Fixed နှင့် Monthly Growth Fixed Deposit (ရက် ၉၀ နှင့် ရက်၁၈၀) Customer များ ဖွင့်လှစ်သည့် Customerများသည် လက်ရှိကမ္ဘာဇဘဏ်မှသတ်မှတ်ထားသည့် အတိုးနှုန်းအပြင် ထပ်တိုး အတိုးနှုန်းအဖြစ် ၀.၂၅% အား ဖြင့် ခံစားခွင့်ရရှိမည် ဖြစ်သည်။

၄။ ဤအစီအစဉ်ကာလအတွင်း Credit Card (MPU & VISA ) စတင်ဖွင့်လှစ် အသုံးပြုလိုသည့် Customer များသည် ကဒ်တန်ဖိုး အခမဲ့ဖြင့် ဖွင့်လှစ်အသုံးပြုခွင့် ရရှိမည် ဖြစ်သည်။

၅။ ဤ အစီအစဉ်ကာလအတွင်း Customer များသည် ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် နေပြည်တော်ရှိ သတ်မှတ်ထားသည့် ကမ္ဘောဇဘဏ်ခွဲ(၇)ခု (တောင်ကြီး-၁၊ မင်္ဂလာ မန္တလေး-၂၊မန္တလေး-၃၀၊ နေပြည်တော်-၅၊ ကမာရွတ်၊ရန်ကုန်ဘဏ်ခွဲ ၂၀၆ (IBD)၊ မြေနီကုန်း) တွင် Fixed Deposit၊ Instant Cash Fixed Deposit နှင့် Monthly Growth Fixed Deposit (ရက် ၉၀ နှင့် ရက် ၁၈၀) ဖွင့်လှစ်လျှင်ဖြစ်စေ၊ KBZ Credit Card (MPU & VISA) အသစ်လျှောက်ထားလျှင် ဖြစ်စေ ကမ္ဘာဇဘဏ်မှ ပေးသော အမှတ်တရ အထူးလက်ဆောင်များကိုလည်း

ထပ်ဆောင်းရရှိမည် ဖြစ်သည်။အစီအစဉ် ကာလအတွက် အမှတ်တရ အထူးလက်ဆောင်များသည် အရေအတွက် ကန့်သတ်ချက်ရှိသောကြောင့် ကန့်သတ်ချက် ကျော်လွန်ပြီးနောက် Customer အနေဖြင့် အထူးလက်ဆောင်အားရရှိနိုင်မည်မဟုတ်ပါ။

၆။ ကမ္ဘောဇဘဏ် ဝန်ထမ်းများသည် ယခု အစီအစဉ်တွင် ပါဝင်သူများအား ဆက်သွယ်ပြီး ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များ၊OTP (သို့မဟုတ်) PIN နှင့်ပတ်သက်သည့် မည်သည့်သတင်းအချက်အလက်ကိုမျှ တောင်းခံမည်မဟုတ်ပါ။

၇။ ဤ အစီအစဉ်ကာလအတွင်း မည်သည့်လိမ်လည်လှည့်ဖြားမှုမျိုးကိုမျှ ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထားပါသည်။ လိမ်လည်မှုအား မည်သည့်ပုံစံမျိုးဖြင့်မဆို ကျူးလွန်သည်ဟု သံသယဖြစ်ခြင်းခံရသည့် မည်သူ့ကိုမဆို ကမ္ဘောဇဘဏ် က ပယ်ဖျက်ခြင်း နှင့်/သို့မဟုတ် ပိတ်ပင်ခြင်းပြုလုပ်ပိုင်ခွင့်ရှိသည်။

၈။ ဤ အစီအစဉ်ကာလနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ် Customer များ နှင့် ကမ္ဘောဇဘဏ် တို့အကြား အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်လာပါက ထိုအငြင်းပွားမှုအား ကမ္ဘောဇဘဏ် ၏ တာဝန်ရှိသူများမှ ပြဌာန်းဥပဒေအရ Customer များ၏ ရထိုက်ခွင့်ရှိသည့် အခွင့်အရေးအား ထိခိုက်နစ်နာမှုမရှိစေရန် သေချာစွာစိစစ်၍ ဖြေရှင်းဆောင်ရွက် ပေးသွားမည်ဖြစ်သည်။

၉။ ကမ္ဘောဇဘဏ် သည် မည်သည့်အချိန်တွင်မဆို တစ်စုံတစ်ရာသောအကြောင်းကြောင့် အသိပေးအကြောင်းကြားနိုင်ခြင်းမရှိဘဲ သတ်မှတ်ထားသော စည်းမျဉ်းနှင့်စည်းကမ်းများကို ပြင်ဆင် ပြောင်းလဲ ခြင်း၊ ရပ်စဲခြင်း နှင့် (သို့မဟုတ်) အစီအစဉ်အားပယ်ဖျက်ခွင့် နှင့် အစီအစဉ်နှင့်ပတ်သက်သော အကျိုး ခံစားခွင့် (သို့မဟုတ်) သွင်ပြင်လက္ခဏာများအား ပြောင်းလဲခွင့် နှင့် (သို့မဟုတ်) ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ပိုင်ခွင့်တို့အား အခြေအနေအရ ပြုလုပ်ဆောင်ရွက်နိုင်သည်။

၁၀။ ကမ္ဘောဇဘဏ် အနေဖြင့် တစ်စုံတစ်ရာသောအကြောင်းကြောင့် အသိပေးအကြောင်းကြားနိုင်ခြင်း မရှိဘဲ ဤအစီအစဉ်အားပယ်ဖျက်ခြင်း ၊ရပ်စဲခြင်း (သို့မဟုတ်) စည်းကမ်းချက်တစ်စုံတစ်ရာ ပြောင်းလဲခြင်း ကြောင့် ကမ္ဘောဇဘဏ် Customer များအနေဖြင့် လျော်ကြေးတစ်စုံတစ်ရာရပိုင်ခွင့်မရှိသည်ကို သိရှိသဘောတူပါသည်။

၁၁။ ကမ္ဘောဇဘဏ် နှင့် သက်ဆိုင်သော ပုံမှန်စည်းမျဥ်းနှင့်စည်းကမ်းသတ်မှတ်ချက်များ နှင့် ဆုလက်ဆောင်များ အသီးသီးတွင် သတ်မှတ်ပါရှိသော စည်းမျဥ်းစည်းကမ်းသတ်မှတ်ချက်များလည်း အကျုံးဝင် စေရမည်။

၁၂။ ဤစည်းမျဥ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများ ကလွှမ်းမိုးမည်ဖြစ်ပြီး ယင်းဥပဒေများနှင့်အညီ အဓိပ္ပါယ်ဖွင့်ဆိုရမည်။

၁၃။ ကမ္ဘောဇဘဏ် သည် COVID-19 ဖြစ်ပေါ်မှုကြောင့်ဖြစ်စေ သို့မဟုတ် ကမ္ဘောဇဘဏ် အနေဖြင့် ထိန်းချုပ်၍ မရသော အခြေအနေနှင့်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ် ဖြစ်ရပ်များ ဖြစ်ပေါ်မှုကြောင့်ဖြစ်စေ ဆောင်ရွက်ထားသည့် မည်သည့်လုပ်ဆောင်မှုမျိုး ကိုမဆို အခြေအနေအရပ်ရပ်ပေါ်မူတည်၍ ပြောင်းလဲခွင့် ရှိပါသည်။ မမျှော်မှန်းနိုင်သော ဖြစ်ရပ်များ ဖြစ်ပျက်နေစဉ်ကာလအတွင်း ကမ္ဘောဇဘဏ် မှ ဤစည်းမျဥ်းစည်းကမ်း သတ်မှတ်ချက်များတွင် ဖော်ပြထားသော တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန်၊ ထမ်းဆောင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းများအတွက် ကမ္ဘောဇဘဏ် အနေဖြင့် ကမ္ဘောဇဘဏ် Customer အပေါ်တွင်ဖြစ်စေ သို့မဟုတ် အခြားမည်သည့် လူပုဂ္ဂိုလ်တစ်ဦးဦး အပေါ်တွင်ဖြစ်စေ တာဝန်ရှိစေခြင်း သို့မဟုတ် ဤစည်းမျဥ်းစည်းကမ်း သတ်မှတ်ချက်များအား ချိုးဖောက်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်း မရှိစေရပါ။

၁၄။ ဤစည်းမျဥ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာနှစ်မျိုးဖြင့် ရေး သားထားပြီး နှစ်မျိုးစလုံးသည် တူညီသော အဓိပ္ပါယ် သက်ရောက်မှုရှိမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာ နှင့် မြန်မာဘာသာ နှစ်မျိုးဖြင့် ရေးသားထားခြင်းဖြစ်သောကြောင့် ကွဲလွဲမှုတစ်စုံတစ်ရာရှိလျှင် မြန်မာဘာသာဖြင့် ရေးသားထားသည့် စည်းကမ်း သတ်မှတ်ချက်များကိုသာလျှင် အမှန်ယူမည်ဖြစ်သည်။